လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter | သတင်းလွှာ | June 2023

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကျင်းပခြင်း




**၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့** **နေပြည်တော်**

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် ကျရောက်မည့် “မြန်မာအမျိုးသမီးများနေ့” ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် (၂၀-၆-၂၀၂၃) ရက်နေ့တွင် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူး ကျင်းပသည့် စာတမ်းဖတ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စာတမ်းဖတ်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ ဌာနဆိုင်ရာ အသီးသီး၏ Gender Focal Person များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။



ဆက်လက်ပြီး စာတမ်းဖတ်ပွဲအခမ်းအနားအား

ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ဆွေမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ ဒေါက်တာမျိုးမြတ်မောင်က ASEAN Gender Mainstreaming Strategic Framework (AGMSF) (2021-2025) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြင့်တင်ရေး အသင်းမှ ဒုတိယဥက္ကဋ္ဌ၊ ဒေါ်သူဇာဝေက အမျိုးသမီးများနှင့် လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပါမောက္ခဒေါက်တာဒေါ်ခင်မေအုန်းက အမျိုးသမီးများနှင့် ကျန်းမာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အသီးသီး စာတမ်းဖတ်ကြားခဲ့ကြရာ တက်ရောက်လာသူများက မေးခွန်း များ ပြန်လည်မေးမြန်းခဲ့ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပါသည်။

## စစ်တွေကလေးပြုစုရေးတွင် စောင့်ရှောက်ထားသည့် ကလေးသူငယ်များအား နေပြည်တော်ကလေးပြုစုရေးသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းအား ကြိုဆိုနေရာချထားခြင်း



**၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ စစ်တွေမြို့**

၂၀၂၃ ခုနှစ်၊ မေလ (၁၄)ရက်နေ့တွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ စစ်တွေ ကလေးပြုစုရေးတွင် စောင့်ရှောက်ထားသည့် ကလေးသူငယ် (၁၃)ဦး၊ ကျား(၈)ဦး၊ မ(၅)ဦးတို့အား စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိစေရေးအတွက် နေပြည်တော် ကလေးပြုစုရေးသို့ ပြောင်းရွှေ့စောင့်ရှောက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိခဲ့ရာ

အဆိုပါ ကလေးသူငယ်(၁၃)ဦးသည် (၂-၆-၂၀၂၃)ရက်နေ့တွင် ပြုစုသူဆရာမ(၃)ဦး လိုက်ပါ၍ နေပြည်တော်သို့ ရောက်ရှိလာရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် နေပြည်တော် ကလေးပြုစုရေးဌာနသို့ သွားရောက်ကာ အဆိုပါကလေးငယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ချစ်ခင်ရင်းနှီးစွာ နှုတ်ဆက်၍ လိုအပ်သည်များ ပံ့ပိုးပေးခဲ့ပြီး စနစ်တကျ နေရာချထားပေးခဲ့ပါသည်။

**စစ်တွေမြို့ရှိ အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း၊ မူလတန်းကြိုကျောင်း၊ One Stop Women Support Centre နှင့် ပြည်နယ်လူမှုဝန်ထမ်းရုံး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ ပြည်နယ်သိုလှောင်ရုံ(ယာယီ)တို့ ပြန်လည်ပြင်ဆင်ထားမှု အခြေအနေများအားကြည့်ရှုခြင်း**



**၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့** **စစ်တွေမြို့**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် (၁၉-၆-၂၀၂၃) ရက်နေ့တွင် စစ်တွေမြို့ရှိ အိမ်တွင်းမှုသက်မွေးပညာ သင်ကျောင်း ခေါင်မိုးမိုးခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် မျက်နှာကျက်လုပ်ငန်း ဆောင်ရွက်ရန်ကျန်ရှိမှု အခြေအနေများ၊ စစ်တွေမြို့ မူလတန်းကြိုကျောင်း ပြန်လည်ဖွင့်လှစ်ပြီး ကလေးငယ် (၁၀၀)ဦး လက်ခံ သင်ကြားနေမှုအခြေအနေများ၊ One Stop Women Support Centre (OSWSC) ဖွင့်လှစ်ထားမှု အခြေအနေများ၊ ပြည်နယ်လူမှုဝန်ထမ်းရုံး ပြန်လည်ပြင်ဆင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ရာ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက သန့်ရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန်၊ Site Cleaning လုပ်ငန်းများအား

စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံစုရပ်ကွက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်နယ်သိုလှောင်ရုံ(ယာယီ) ပြန်လည်ပြင်ဆင်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ရာ ပြည်နယ်ဦးစီးမှူးနှင့် လုပ်ငန်းတာဝန်ခံတို့က ခေါင်မိုး လုပ်ငန်းပြီးစီးမှုနှင့် မျက်နှာကျက် လုပ်ငန်း ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အမြန်ပြီးစီးရေး Site Cleaning လုပ်ငန်းများအား ဂရုပြု ကြပ်မတ်ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

## အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) ၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ Ms. Sarah Lou Ysmael Arriola အား လက်ခံတွေ့ဆုံခြင်း




**၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Sarah Lou Ysmael Arriola အား (၂၇-၆-၂၀၂၃) ရက်နေ့တွင် နေပြည်တော်ရှိ ဝန်ကြီးရုံး၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံရာတွင် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တို့အကြား နားလည်မှုစာချွန်လွှာရေးထိုး၍ လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ မိုခါဆိုင်ကလုန်း

မုန်တိုင်းအတွက် အစိုးရ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများနှင့် မုန်တိုင်းသင့်ပြည်သူများအား လူသားချင်းစာနာမှု အကူအညီ ပေးအပ်ရေး ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ လူကုန်ကူးခံရသူများနှင့် တရားမဝင်ရွှေ့ပြောင်းလုပ်သားများ ပြန်လည်လက်ခံရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ရေးလုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ IOM ဘက်မှ IOM ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Dragan Aleksoski နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ရွှေ့ပြောင်း သွားလာမှု မူဝါဒထောက်ပံ့ရေး အရာရှိ Mr. Chaogian Xiong တို့ တက်ရောက်ခဲ့ကြပါသည်။

## အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာရေးသားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့** **နေပြည်တော်**





အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) ဆဋ္ဌမအကြိမ်မြောက် (Second draft) အစီရင်ခံစာ ရေးသားရေးဆိုင်ရာ ညှိနှိုင်း အစည်းအဝေးကို (၂.၆.၂၀၂၃) ရက်နေ့၊ နေ့လယ် (၁၃:၀၀)နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ အစည်းအဝေးသို့ အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (CEDAW) ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာ ရေးသားရေးအဖွဲ့ ကိုယ်စားလှယ် (၃၀)ဦး နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။


အစည်းအဝေးတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးက (CEDAW) ဆဋ္ဌမ အကြိမ်မြောက် အစီရင်ခံစာ ရေးသားရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။ တက်ရောက် လာသည့် ကိုယ်စားလှယ်များက ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာ Second draft (မူကြမ်း) အပေါ် အကြံပြုဆွေးနွေးခဲ့ကြကာ အစည်းအဝေးအား ညနေ (၁၇:၀၀)နာရီတွင် ရုတ်သိမ်းခဲ့ပါသည်။






## "ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ"နှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့** **နေပြည်တော်**



**"ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ"** စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို (၆.၆.၂၀၂၃) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများနှင့် Online ဖြင့် ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် နေပြည်တော်ကောင်စီ၊တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက ဆောင်ရွက်ထားသည့် လုပ်ငန်းစဉ်များအပေါ် ရှင်းလင်း ဆွေးနွေးခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များအား ညှိနှိုင်းဆွေးနွေး၍ အစည်းအဝေးအား နေ့လယ် (၁၂:၀၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

## အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) မူဘောင် (မူကြမ်း) ရေးသားထားရှိမှုနှင့်ပတ်သက်ပြီး ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့** **နေပြည်တော်**

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၂၃-၂၀၃၂) မူဘောင် (မူကြမ်း) ရေးသားထားရှိမှုနှင့် ပတ်သက်ပြီး ညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်(၁၀:၀၀)နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၊ ရွှေဘိုခန်းမတွင် ကျင်းပခဲ့ရာ အစည်းအဝေးသို့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရေး လုပ်ငန်းကော်မတီ (၁၂)ရပ်မှ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ အစည်းအဝေးတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ စန်းစန်းအေးက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။



ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးက အမျိုးသမီးများဖွံ့ဖြိုးတိုး တက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) မူဘောင် (မူကြမ်း) ရေးဆွဲထားမှုအပေါ် ရှင်းလင်း တင်ပြခဲ့ပြီး တက်ရောက်လာကြသော လုပ်ငန်းကော်မတီ အဖွဲ့ဝင်များက အကြံပြုဆွေးနွေးခဲ့ကြပါသည်။ ထို့နောက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေး အား နေ့လယ်(၁၂:၃၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

## လူမှုဝန်ထမ်းဦးစီးဌာနနှင့် Care Support Clover အဖွဲ့တို့ ပူးပေါင်း၍ ဂျပန်နည်းစနစ်ဖြင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ဂျပန်ဘာသာသင်တန်းဆင်းပွဲနှင့် ဒုတိယအကြိမ် သင်တန်းဖွင့်ပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တက်ရောက်ခြင်း

**၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့** **ရန်ကုန်တိုင်းဒေသကြီး**




လူမှုဝန်ထမ်းဦးစီးဌာနနှင့် Care Support Clover အဖွဲ့တို့သည် (၂) နှစ် သက်တမ်းရှိ သဘောတူညီမှုစာလွှာ (LoA) အား (၅.၅.၂၀၂၂) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့၍ လုပ်ငန်း များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ သင်တန်းကျောင်းများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ပရဟိတဂေဟာများရှိ မိဘမဲ့ကလေးများအား ဂျပန်နည်းစနစ်ဖြင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ ဂျပန်ဘာသာသင်တန်းဆင်းပွဲနှင့် ဒုတိယအကြိမ် သင်တန်းဖွင့်ပွဲအား ရန်ကုန်မြို့ရှိ **Melia Hotel** ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ Care Support Clover အဖွဲ့မှ Chief Executive Officer, Mr. Mineo Yamashita ၊ Managing Director, ဒေါ်ကေကေခိုင်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး၊ ဘာသာရပ်ဆိုင်ရာတာဝန်ခံများ၊ သင်တန်းကျောင်း၊ ဌာနငယ်များမှ ကျောင်းအုပ်များ၊ ပရဟိတဂေဟာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## မသန်စွမ်းသင်တန်းကျောင်း (၈) ကျောင်း၏ တစ်နှစ်တာလုပ်ငန်း ဆောင်ရွက်ချက်များအား ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစီမံကိန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တက်ရောက်ခြင်း

**၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့** **နေပြည်တော်**



မသန်စွမ်း သင်တန်းကျောင်း (၈)ကျောင်း၏ (၁)နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များအား ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစီမံကိန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို (၁၅.၆.၂၀၂၃)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး၊ ဌာနခွဲ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးများမှ ညွှန်ကြားရေးမှူးများ၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဌာနစုမှ တာဝန်ရှိသူများ၊ သင်တန်း တာဝန်ခံများ၊ မသန်စွမ်းသင်တန်းကျောင်းများမှ ကျောင်းအုပ်များနှင့် ICT Training Center မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## ကြည့်မြင်တိုင် မျက်မမြင်ကျောင်းတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်သည့် အကြောပြင်အနှိပ်(၁)နှစ် သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခြင်း

**၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့** **နေပြည်တော်**



လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်သည့် အကြောပြင် အနှိပ်(၁)နှစ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို (၁၉.၆.၂၀၂၃) ရက်နေ့တွင် လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းတွင် ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဌာနစုမှ တာဝန်ရှိသူများမှ Online ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ကျောင်းအုပ်၊ သင်တန်းတာဝန်ခံများ၊ သင်တန်းသား၊ သင်တန်းသူများမှ Inperson ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားကို အခမ်းအနား အစီအစဉ်အတိုင်း ကျင်းပခဲ့ရာ သင်တန်းသား (၆) ဦးနှင့် သင်တန်းသူ (၆) ဦး စုစုပေါင်း သင်တန်းသား/သူ (၁၂) ဦးမှ တစ်ဦးချင်း မိတ်ဆက်ခဲ့ပြီး အခမ်းအနားကို နံနက် (၁၀း၀၀) နာရီတွင် ရုတ်သိမ်းခဲ့ပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ သင်တန်းသား (၁) ဦးနှင့် သင်တန်းသူ (၁) ဦး၊ ပဲခူးတိုင်းဒေသကြီးမှ သင်တန်းသား (၁) ဦးနှင့် သင်တန်းသူ (၁) ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ သင်တန်းသား (၁) ဦးနှင့် သင်တန်းသူ (၃) ဦး၊ ကရင်ပြည်နယ်မှ သင်တန်းသား (၁) ဦးနှင့် သင်တန်းသူ (၁) ဦး၊ မွန်ပြည်နယ်မှ သင်တန်းသား (၁) ဦးနှင့် ရှမ်းပြည်နယ်မှ သင်တန်းသား (၁) ဦးတို့ဖြင့် ၂၀၂၃ခုနှစ်၊ ဇွန်လမှ ၂၀၂၄ခုနှစ်၊ မတ်လအထိ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ပါသည်။

## (၂၆-၆-၂၀၂၃)ရက်နေ့၊ မွန်းလွဲ (၁၃း၀၀) နာရီအချိန်တွင် ပြည်နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြီးစီးမှုမှတ်တမ်း

**၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့** **မွန်ပြည်နယ်**

မွန်ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို (၂၆-၆-၂၀၂၃)

ရက်နေ့၊ မွန်းလွဲ (၁၃:၀၀) နာရီအချိန်တွင် မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



အဆိုပါ အစည်းအဝေးတွင် မွန်ပြည်နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ မွန်ပြည်နယ် အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးမြတ်သွင် က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဒေါ်လှဲ့ယဉ်ဝင်း က ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလမှ ယနေ့ထိ ပြည်နယ်အတွင်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများအား Power Point ဖြင့် ရှင်းလင်း ပြောကြားသွားပါသည်။ ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာ ကော်မတီဝင်များက ဌာနတစ်ခုချင်းအလိုက် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများကို အသီးသီးတင်ပြကြပြီး၊ ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရေး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြပါသည်။ ထို့နောက် ပြည်နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို မွန်းလွဲ (၁၄:၀၀) နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဇွန်လအတွင်း သဘာဝဘေးအသိပညာပေးများပြုလုပ်ခြင်း

(၅-၆-၂၀၂၃)ရက်နေ့တွင် မင်းလှမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာအုပ်စု၊ ထန်းပင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဆရာ/ဆရာမနှင့် ကျောင်းသား/ကျောင်းသူ အင်အား(၁၃၀)ဦးခန့်ဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



(၈-၆-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်ရှိ အ.ထ.က(၁) အခြေခံအထက်တန်းကျောင်းရှိ ဆရာ/ဆရာမနှင့် ကျောင်းသား/ကျောင်းသူ အင်အား(၃၀၀)ဦးခန့်ဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၉-၆-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီ

များ ညွှန်ကြားမှုဦးစီးဌာနတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး ဟောပြောခြင်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၉-၆-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးတာဝန်ရှိသူများသည် ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်ရှိ အ.ထ.က(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ/ဆရာမနှင့် ကျောင်းသား/ကျောင်းသူ (၂၀၀)ဦးခန့်ဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၁၂-၆-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်ရှိ အ.ထ.က(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ/ဆရာမနှင့် ကျောင်းသား/ကျောင်းသူ (၂၀၀)ဦးခန့်ဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၁၂-၆-၂၀၂၃)ရက်နေ့တွင် နွားထိုးကြီးမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ CommunityCentre တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၁၃-၆-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်ရှိ အ.ထ.က(၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား/ကျောင်းသူ (၁၅၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။

(၁၃-၆-၂၀၂၃)ရက်နေ့တွင် ကော့သောင်းခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကော့သောင်းမြို့နယ်၊

အောင်သုခရပ်ကွက်၊ အလင်းရောင်ကိုယ်ပိုင်ကျောင်း၌ ကျောင်းသား/ကျောင်းသူ (၁၀၀)ဦးခန့်အား သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ၊ ဦးစီး ဌာန၏ လုပ်ငန်းတာဝန်များအား Powerpoint ဖြင့် ရှင်းလင်းပြောကြားခြင်း၊ Video Animation လက်တွေ့ ပြသခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ ပါသည်။



(၁၄-၆-၂၀၂၃)ရက်နေ့တွင် ကော့သောင်းခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကော့သောင်းခရိုင်၊ မလိဝမ်းကျေးရွာအုပ်စု၊ အ.ထ.က (မလိဝမ်း) ကျောင်း၌ ကျောင်းသား/ကျောင်းသူ (၁၅၀) ဦးအား သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ၊ ဦးစီး ဌာန၏ လုပ်ငန်းတာဝန်များအား Powerpoint ဖြင့် ရှင်းလင်းပြောကြားခြင်း၊ Video Animation လက်တွေ့ ပြသခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ ပါသည်။



(၁၅-၆-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်ရှိ အ.ထ.က(၆)နှင့် အ.ထ.က(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား/ကျောင်းသူ (၃၁၀)ဦးအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာ ပေး ဟောပြောခြင်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၁၅-၆-၂၀၂၃)ရက်နေ့တွင် ပုလောမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပုလောမြို့နယ်၊ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသား/ ကျောင်းသူ(၂၀၀)ဦးအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများနှင့် လက်ကမ်းစာစောင် များ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၁၅-၆-၂၀၂၃)ရက်နေ့တွင် မြိတ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မြိတ်မြို့နယ်၊ အ.ထ.က(ခွဲ)၊ အ.လ.က(၁) အခြေခံပညာ အထက်တန်းကျောင်းခွဲတွင် ကျောင်းသား/ကျောင်းသူ(၁၈၀)ဦးခန့်အား သဘာဝဘေး

အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၁၉-၆-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်ရှိ အ.ထ.က(၇)နှင့် အ.ထ.က(၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား/ကျောင်းသူ (၃၅၀)ဦးအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများနှင့် လက်ကမ်းစာစောင်များဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၂၁-၆-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် သန်လျင်မြို့နယ်၊ အခြေခံပညာ အလယ်တန်းကျောင်း (ကွမ်းခြံကုန်း) နှင့် အ.ထ.က(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား/ကျောင်းသူ (၃၅၀) ဦးအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။

(၂၁-၆-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်၊ အ.မ.က၊ ဇော်ဓိကုန်းစာသင်ကျောင်းနှင့် အ.ထ.က(ခွဲ)၊ ရန်အောင်မြင် စာသင်ကျောင်း၌ ကျောင်းသား/ကျောင်းသူ (၂၆၀)ဦးအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများနှင့် လက်ကမ်းစာစောင်များဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၂၂-၆-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က (ကျည်တောင်ကန်) နှင့် အ.လ.က (ရတနာဒီပ) စာသင်ကျောင်းများ၌ ကျောင်းသား/ကျောင်းသူ (၃၀၀)ဦးအား သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန် အချက်များ သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးဟောပြောခြင်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ ဆောင်ရွက်ခဲ့ပါသည်။



(၂၂-၆-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ်၊ အ.မ.က (ကုလားရွာ)နှင့် အ.မ.က(ဆင်တဲကြီး) စာသင်ကျောင်းများ၌ ကျောင်းသား/ကျောင်းသူ (၁၉၀)ဦးတို့အား သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များ သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးဟောပြောခြင်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ ဆောင်ရွက်ခဲ့ပါသည်။



(၂၃-၆-၂၀၂၃)ရက်နေ့တွင် သထုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ အ.ထ.က(၄)စာသင်ကျောင်း၊ ဉာဏ်ဝေယံခန်းမ၌ ကျောင်းသား/ကျောင်းသူ (၁၀၀)ဦးတို့အား သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များ သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးဟောပြောခြင်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ ဆောင်ရွက်ခဲ့ပါသည်။



(၂၂-၆-၂၀၂၃)ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ်၊ အ.မ.က (ဇီးကုန်း)နှင့် အ.မ.က(သာယာဝှမ်း) စာသင်ကျောင်းများ၌ ကျောင်းသား/ကျောင်းသူ (၂၅၀) ဦးတို့အား သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များ သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေး ဟောပြောခြင်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ ဆောင်ရွက်ခဲ့ပါသည်။



(၂၄-၆-၂၀၂၃)ရက်နေ့တွင် မြိတ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ သဘာဝဘေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ ဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဇွန်လအတွင်း ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်မှု



(၁၆-၆-၂၀၂၃)ရက်နေ့တွင် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကတုံးပေါ်ကျေးရွာ၌ မုဒုံမြို့နယ် ဦးစီးမှူးရုံးမှ ဦးဆောင်၍ မြို့နယ်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီ အသင်းခွဲနှင့် မြို့နယ်လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့တို့ပူးပေါင်း၍ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်ခဲ့ပါသည်။



(၂၁-၆-၂၀၂၃)ရက်နေ့တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ချောင်းဆုံအရှေ့ရပ်ကွက်၊ အ.ထ.က (စာသင်ကျောင်း)၌ ချောင်းဆုံမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲများ ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်ခဲ့ပါသည်။



(၂၃-၆-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့၊ ဆရာ/ ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများ ပါဝင်သောအင်အား (၃၀၀) ဦးခန့်တို့ဖြင့် ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်ခဲ့ပါသည်။



(၂၃-၆-၂၀၂၃)ရက်နေ့တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အ.ထ.က(၄)စာသင်ကျောင်း၌ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ စုစုပေါင်းအင်အား(၄၀၀)ဦးခန့်တို့ဖြင့် ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ် ကြိုတင်

ကာကွယ်ရေး သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဇွန်လအတွင်း မီးဘေးထောက်ပံ့မှုများ

(၅-၆-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတောင်ကြည်ကုန်းရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ထိခိုက် ပျက်စီးခဲ့သည့် လူနေအိမ် (၅) လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၅၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ(၁၃)ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၂၇,၃၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၂-၆-၂၀၂၃) ရက်နေ့တွင် သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၁၆-၆-၂၀၂၃)ရက်နေ့တွင်စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ်၊ ပတ္တမြားရပ်ကွက်၊ အပိုင်း(၅)၊ သူတော်တောင်းလမ်း၌ မီးဘေးဖြစ်ပွားခဲ့မှု ကြောင့် လုံးဝပျက်စီး လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄,၂၀၀/-)၊ FamilyKits(၁)ပုံးနှင့် Mask(၄)ခုတို့ကို (၁၇-၆-၂၀၂၃)ရက်နေ့တွင် ကသာခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လေဘေးထောက်ပံ့မှုများ



(၂၀-၅-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံခရိုင်၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန် (မြောက်) ရပ်ကွက်၊ မုန့်လုပ်ဆောင်းကုန်း (တောင်) ရပ်ကွက်၊ အောင်ချမ်းသာရပ်ကွက်တို့၌ လေဘေးဖြစ်ပွားမှုကြောင့် ပျက်စီးလူနေအိမ်(၁)လုံးနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ်(၅)လုံးအတွက် အိမ်ဆောက်ပစ္စည်းထောက်ပံ့ ငွေကျပ် (၄၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၁) ဦးတို့ အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၄၄,၁၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၅-၅-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၆-၅-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ချောင်းညီအကို ကျေးရွာအုပ်စုနှင့် ကြိမ်ပိုက်ကျေးရွာအုပ်စုတို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး လေဘေးဖြစ်ပွားမှုကြောင့် လုံးဝပျက်စီး လူနေအိမ်(၈)လုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၄၃)လုံးနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီး ဘုန်းတော်ကြီးကျောင်း (၁) ကျောင်းတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂,၇၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၈၀)ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃၇၈,၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၂၈-၅-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၃၁-၅-၂၀၂၃)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ သဲဗုဒ္ဓကျေးရွာအုပ်စု၊ ဖိုကုန်းကျေးရွာ၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်း လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၅)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-) တို့ကို (၂-၆-၂၀၂၃) ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၃၁-၅-၂၀၂၃)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ကြို့ကုန်းကျေးရွာအုပ်စုနှင့် မြင်းတဲကျေးရွာအုပ်စုတို့၌ လေဘေး ဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း လူနေအိမ်(၆)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၀) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၄၂,၀၀၀/-)တို့ကို လေဘေးသင့် ပြည်သူများထံသို့ (၂-၆-၂၀၂၃)ရက်နေ့တွင် ပျော်ဘွယ်မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁-၆-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ ရွာစည်ကျေးရွာအုပ်စု၊ ရွာစည်(တောင်)ကျေးရွာ၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးနေသည့် လူနေအိမ်(၅)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂၂)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၄၆,၂၀၀/-)တို့ကို (၆-၆-၂၀၂၃) ရက်နေ့တွင် မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂-၆-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ရေညှာဦးကျေးရွာအုပ်စု၊ ဗန္ဓဲ့ကျေးရွာနှင့် တွင်းငယ်ကျေးရွာအုပ်စု၊ တွင်းငယ်ကျေးရွာတို့၌ လေဘေးဖြစ်ပွားမှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၂)လုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ်(၈)လုံးနှင့် ဘုန်းကြီးကျောင်း မီးတင်းကုတ်(၁)လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၄၁,၅၀၀/-)၊ ဘေးသင့်လူဦးရေ (၅၃)ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၁၁,၃၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၃-၆-၂၀၂၃)ရက်နေ့တွင် သပိတ်ကျင်းမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၇-၆-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ကျောက်ဖြူကျေးရွာအုပ်စု၊ တောင်လယ်ကျေးရွာ၌ လေဘေးဖြစ်ပွားခြင်းကြောင့် တောင်ကျချောင်းရေများ စီးဆင်းမှုကြောင့် မျောပါပျက်စီး လူနေအိမ်(၁)လုံးနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၂၃,၅၀၀/-)၊ ဘေးသင့်လူဦးရေ (၉) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၈,၉၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၈-၆-၂၀၂၃)ရက်နေ့

တွင် သပိတ်ကျင်းမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၄-၆-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ အလယ်မန် ကျေးရွာအုပ်စု၊ အလယ်မန်ကျေးရွာ (ရွာဟောင်း)၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ် (၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၅)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-)နှင့် ဒဏ်ရာရလူနာ(၁)ဦးအတွက် ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)တို့ကို (၅-၆-၂၀၂၃)ရက်နေ့တွင် ဘုတ်ပြင်းခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၈-၆-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ မသေကျေးရွာ အုပ်စု၊ ဝါးကျွန်းကျေးရွာ၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် အခန်းတွဲ(၆)ခန်းအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၃၄) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၇၁,၄၀၀/-)တို့ကို (၉-၆-၂၀၂၃)ရက်နေ့တွင် ဘုတ်ပြင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၈-၆-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ပိတောက်ရွှေဝါရပ်ကွက်၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၅) လုံးနှင့် လုံးဝပျက်စီးလူနေအိမ်တို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၇၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၃၃) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆၉,၃၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၈)မျိုးတို့ကို (၉-၆-၂၀၂၃) ရက်နေ့တွင် ကော့သောင်းမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၃-၆-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့၊ အမှတ် (၄) ရပ်ကွက်၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၉၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၆)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်

(၁၂,၆၀၀ဝိ/-)တို့ကို (၁၄-၆-၂၀၂၃)ရက်နေ့တွင် ထားဝယ်ခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၃-၆-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ စန္ဒဝတ် (၂)လမ်း၌ လေဘေးဖြစ်ပွားခြင်းကြောင့် ပြိုကျပျက်စီး လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၁၀၀,၀၀ဝိ/-)၊ ဘေးသင့်လူဦးရေ(၃)ဦး တို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆,၃၀ဝိ/-) နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို(၁၄-၆-၂၀၂၃)ရက်နေ့ တွင်မြိတ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၆-၆-၂၀၂၃)ရက်နေ့တွင်စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ လမ်းခွကျေးရွာအုပ်စု၊ လမ်းခွကျေးရွာ၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ်(၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀ဝိ/-)၊ ဘေးသင့်လူဦးရေ (၈) ဦးတို့ အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၁၆,၈၀ဝိ/-) တို့ကို (၂၀-၆-၂၀၂၃)ရက်နေ့တွင် ကသာခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၆-၆-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ ကျောင်းလမ်း၌ လေဘေးဖြစ်ပွားခြင်းကြောင့် လုံးဝပျက်စီး လူနေအိမ် (၁)လုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၂)လုံးတို့ အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀ဝိ/-)၊ ဘေးသင့်လူဦးရေ (၁၄)ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၉,၄၀ဝိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၁၉-၆-၂၀၂၃)ရက်နေ့ တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဇွန်လအတွင်း မိုးကြိုးဘေးထောက်ပံ့မှု



(၂-၆-၂၀၂၃)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ်၊ တုတ်ကြီးကျေးရွာအုပ်စု၊ သံပုရာကုန်းကျေးရွာ၌ မိုးကြိုးထိမှန်၍ ဒဏ်ရာရလူနာ (၁)ဦးအတွက် ထောက်ပံ့ငွေကျပ် (၅၀,၀၀ဝိ/-) တို့ကို (၃-၆-၂၀၂၃) ရက်နေ့တွင် ကသာခရိုင် ဦးစီးမှူးရုံးမှ သွား ရောက်ထောက်ပံ့ခဲ့ပါသည်။

(၄-၆-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ သောင်းကြီးအုပ်စု၊ တက်ဆိပ်ကျေးရွာ၌ မိုးကြိုးထိမှန်၍ လူ(၁)ဦး သေဆုံးကာ သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) တို့ကို (၅-၆-၂၀၂၃)ရက်နေ့တွင် ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဇွန်လအတွင်း ကမ်းပြိုဘေးထောက်ပံ့မှု




(၁၈-၅-၂၀၂၃)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ သောင်းကြီးအုပ်စု၊ သောင်းကြီးကျေးရွာ၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်း နေအိမ်(၄)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ(၄၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၄)ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၅၀,၄၀၀/-) တို့ကို (၂၅-၅-၂၀၂၃)ရက်နေ့တွင် ရေကြည်မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဇွန်လအတွင်း တောဆင်ရိုင်းဘေးထောက်ပံ့မှု

(၂၅-၅-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ဖလုံဘူတာ ကျေးရွာအုပ်စု၊ မြို့ကွက်ကျေးရွာနှင့် မင်္ဂလာရပ်ကွက်၊ မြရတနာကျေးရွာ တောဆင်ရိုင်း ဝင်ရောက်ဖျက်စီးမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ် (၈) လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၄၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၄၄)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၉၂,၄၀၀/-) တို့ကို (၂၀-၆-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။





# လူကုန်ကူးခံရသူ အမျိုးသား(၇)ဦး၊ အမျိုးသမီး(၄)ဦးနှင့် ၎င်းတို့၏ မိသားစုဝင်များဖြစ်သော အမျိုး သမီး(၂)ဦး၊ အမျိုးသားကလေး(၂)ဦး၊ အမျိုးသမီးကလေး(၁)ဦး၊ စုစုပေါင်း(၁၆)ဦးတို့အား ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းလက်ခံခြင်း

**၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့** **ကော့သောင်းမြို့နှင့် မြဝတီမြို့**



ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနလက်အောက်ရှိ Pathumthani Welfare Protection Center for Victims of Trafficking in Perosns တွင် လက်ခံစောင့်ရှောက်ထားသူများအနက် နိုင်ငံသားစိစစ်မှုရရှိပြီးသော လူကုန်ကူးခံရသူ အမျိုးသား (၂) ဦးနှင့် ၎င်းတို့၏ မိသားစုဝင်များဖြစ်သော အမျိုးသမီး (၂)ဦး၊ အမျိုးသမီးကလေး(၁)ဦး၊ အမျိုးသားကလေး(၂)ဦး၊ စုစုပေါင်း(၇)ဦးတို့အား ၂၀၂၃ ခုနှစ်၊ ဇွန်လ(၉)ရက်နေ့တွင် ကော့သောင်း-ရနောင်းလမ်းကြောင်းမှတဆင့်လည်းကောင်း၊ လူကုန်ကူးခံရသူ အမျိုးသား(၅)ဦး၊ အမျိုးသမီး(၄)ဦး၊ စုစုပေါင်း (၉)ဦးတို့အား ၂၀၂၃ ခုနှစ်၊ ဇွန်လ(၁၅)ရက်နေ့တွင်မြဝတီ-မဲဆောက်လမ်းကြောင်းမှတဆင့်လည်းကောင်း၊ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်း လက်ခံခဲ့ပါသည်။



အဆိုပါ ပြန်လည် လွှဲပြောင်းလက်ခံခဲ့သူများအား ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ၊ ကော့သောင်းမြို့နှင့် မြဝတီမြို့တို့တွင် ခေတ္တလက်ခံစောင့်ရှောက်၍ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ လိုအပ်သော စုံစမ်းမေးမြန်းမှုများပြုလုပ်ခြင်း၊ ယာယီခရီးသွား ထောက်ခံစာများ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး၊ ထို့နောက် ၎င်းတို့၏ မိဘရပ်ထံသို့ ပြန်လည်ပို့ဆောင်အပ်နှံခြင်းတို့ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ လူကုန်ကူးခံရသူများ၏ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သော ထောက်ပံ့မှုများ ပေးနိုင်ရန် နောက်ဆက်တွဲစောင့်ရှောက်ခြင်း လုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



# မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (လားရှိုး)တွင် စေတနာ့ဝန်ထမ်းမူးယစ် ကြီးကြပ်ရေးမှူး သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့** **လားရှိုးမြို့**



(၁၉-၆-၂၀၂၃)ရက်နေ့ နံနက် (၁၀:၀၀)နာရီတွင် လားရှိုးမြို့နယ်၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (လားရှိုး) တွင် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ လားရှိုးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက အဖွင့် အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီး ဌာန၊ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသော ဧည့်သည်တော် များ၊ အရပ်ဖက်မိတ်ဖက်မှ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့နှင့် သတင်းမီဒီယာများ၊ သင်တန်းနည်းပြများ နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း (၆၀)ဦးခန့် တက်ရောက်ခဲ့ပါသည်။



## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် CA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ မြန်မာကျပ်ငွေစာရင်းအမှတ် CA -011834 သည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် ဖွင့်လှစ်ထားပြီး လှူဒါန်းလိုသူများအနေဖြင့် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း ( Account Transfer ) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) K Pay ဖြင့် လှူဒါန်းလိုပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ QR code နံပါတ် 70157401001 တို့သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဖုန်းနံပါတ် ၀၉-၂၅၅၅၀၀၅၄၂၊ ၀၉-၂၅၅၅၀၀၅၄၃ တို့သို့ လည်းကောင်း လှူဒါန်းနိုင်ပါသည်။

၃။ နိုင်ငံခြားငွေစာရင်းအမှတ် ( 1DA-0300086) သည် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပြီး လှူဒါန်းလိုသူများအနေဖြင့် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါသည်-

(က) မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်း လှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE /BIC - MFTBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - 1DA-0300086 သို့လှူဒါန်းနိုင်ပါသည်။

၄။ ထို့အပြင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့်လည်း လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသဖြင့် ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။

၅။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၄၅၈<br>၀၉-၂၅၂၀၄၄၉၀ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၅၀၁၂၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၈၈၈၂၇ |
| ဦးဝင်းဆွေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၄၅၇<br>၀၉-၂၅၅၁၇၈၁၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၇၁၀၆၈ | |

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ